# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

ငါသတိပေးသော စကား ကို နားထောင်၍ သူတို့ အား ဆင့်ဆိုလော့။
... လူဆိုးအား သတိပေးသော စကားကို မပြောဘဲနေလျှင် ...
သူ၏ အသက်ကိုကား ၊ သင်၌ ငါ တောင်းမည်။ ယေဇကျေလ ၃း၁၇၊၁၈

| အမှတ်စဉ် (၃၂) | ဧပြီလ | ၂၀၀၄ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် ) |
|---|---|---|---|


* * ပြော၍မကုန်နိုင်သော ဘုရားသခင်၏ ဆုကျေးဇူးတော်ကို အောက်မေ့၍ ချီးမွမ်းခြင်း ရှိစေသတည်း။ ၂ကော ၉း၁၅



မိတ်ဆွေ – သင်နှင့် ကျွန်ုပ်သည် အသွေးအသားနှင့် တည်ဆောက်ထားသော လူသားများ ဖြစ်နေသောကြောင့် တစ်ခါတစ်ရံ စိတ်ဓါတ်ပိုင်းဆိုင်ရာ ကျဆင်းမှုမျိုး ခန္ဓာပိုင်းဆိုင်ရာ ကျန်းမာရေး ချို့တဲ့မှု၊ ဝိညာဉ်ပိုင်းဆိုင်ရာ ခမ်းခြောက်သည့် အခြေအနေမျိုး တွေ့ကြုံရတတ်ပါသည်။ ထိုအချိန်အခါမျိုးတွင် ကျွန်မတို့အား ထူမအားပေးမည့် သူကို တောင့်တမိတတ်ပါသည်။ ကျွန်မကို ချစ်ခင်မြတ်နိုးပါသည်ဟု ပြောတတ်သောသူများထံမှ နှစ်သိမ့်အားပေးမှု မေတ္တာပြမှုမျိုးကိုလဲ မျှော်လင့်မိခဲ့ပါသည်။ ဤအတွေ့အကြုံအားဖြင့် တစ်ပါးသူများ ခံစားနေရသော စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို ကိုယ်ချင်းစာတတ်စေပါသည်။ တစ်ဦးနှင့်တစ်ဦး ခန္ဓာလိုအပ်မှု၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်မှုများလဲ မတူညီနိုင်ပါ။ သင်နှင့် ကျွန်မတို့ ဝါသနာပါသော ကွန်ပျူတာ၊ အားကစား၊ ဂီတ၊ စာပေနှင့် ချစ်သူရည်းစားများက မိမိတို့၏ လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ပါရဲ့လား။ သို့မဟုတ် သင့်၏လုပ်ငန်း၊ မိသားစုများက ကျေနပ်မှု ပေးနိုင်ပါရဲ့လား။ စဉ်းစားကြည့်ပါမိတ်ဆွေ၊ ထိုအရာများသည် ကျွန်မတို့၏ စိတ်ကျေနပ်မှုကို တစ်စိတ်တစ်ပိုင်း၊ အခိုက်အတန့်မျှသာ ဖြည့်ဆည်းပေးနိုင်ပါသည်။ စစ်မှန်သော ငြိမ်သက်ခြင်းကို ခံစားရမည် မဟုတ်ပေ။

အုံ့ဩဘွယ် တစ်နာရီ ဆုတောင်းခြင်း စာအုပ်ရေးသူ **Linda Schubert** က ...

## ခရစ်တော်၏ ဂုဏ်တော်ကို ချီးမွမ်းသူသည် နှစ်ကြိမ်တိုင် ဆုတောင်းသူ ဖြစ်သည်

ဟု ဖော်ပြထားပါသည်။ ကျွန်မ၏ အသက်တာတွင် စိတ်ဝိညာဉ်အားယော်ချိန်၊ ခန္ဓာကိုယ်အားနည်းချိန်တွင် ဘုရားသခင်၏ ဂုဏ်တော် ချီးမွမ်းခြင်းနှင့် စပ်ဆိုင်သည့် သီချင်းများကို နှုတ်မှလည်းကောင်း၊ စိတ်နှလုံးထဲမှလည်းကောင်း နားထောင်ခြင်း ( ဓမ္မသီချင်း၊ ဆန်းဒေးစကူးလ် သီချင်းတိုလေးများ) အားဖြင့် ခွန်အားဖြည့်လိုက်သော် ဝိညာဉ်တော်ဘုရား၏ လမ်းပြအားပေးမှုကို ခံစားလာရပြီး ဝမ်းမြောက်လာပါသည်။ ဘုရားသခင်၏ ဂုဏ်တော်ကိုချီးမွမ်းသည့် သီချင်းများကို သီဆိုနေခြင်းသည် ရန်သူစာတန်ကို တိုက်ခိုက်ရာတွင် အလွန်အရေးပါသော လက်နက်ဖြစ်သည်။

**ဧဖက် ၆း၁၂ – ငါတို့သည် ... ... နတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏။**

နေ့စဉ် အသက်တာတွင် ထိုကဲ့သို့သော စုံစမ်းခြင်းနှင့် ကြုံတွေ့နေရသောအခါ ခရစ်တော်မြတ်ဘုရား၏ အသွေးတော်မြတ်အားဖြင့်သာ စာတန်၏ အာဏာတန်ခိုးကို အောင်မြင်နိုင်ပေမည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို ခေါ်ဖိတ်ခြင်းမရှိလျှင်လည်း စာတန်ကို မိမိတို့အသက်တာထဲ ဝင်လာရန် မသိမသာ လမ်းဖွင့်ပေးထားခြင်းနှင့် တူပေသည်။


စင်ကာပူနိုင်ငံတွင် ကျွန်မ ၃နှစ်အထိ အလုပ်လုပ်ကိုင်နိုင်ခြင်းသည် ခရစ်တော်ဘုရား ပေးထားသော ခွန်အား၊ နှစ်သိမ့်မှု၊ ကွယ်ကာမှု၊ လမ်းပြမှု သက်သက်ကြောင့်သာဖြစ်ပါသည်။ ကျွန်မသည် ခန္ဓာကိုယ်အားနည်း၍ ကျမ်းမာရေးချို့တဲ့သူတစ်ဦးဖြစ်ပါသည်။ သို့သော် ကိုယ်တိုင်အားနည်းနေသော ကျွန်မကို ဘုရားသခင်သည် ခွန်အားနှင့်ပြည့်စေပြီး လူမမာများအား ပြုစုရသောအခွင့်ကို ပေးထားပြန်ပါသည်။


တစ်ခုသော နံနက်ခင်းတွင် ကျွန်မ ကျမ်းစာဖတ်နေစဉ် (**ဒုတိယ ၃း၇-၈** ) **ထာဝရဘုရားကို ကြောက်ရွံ့၍ ဒုစရိုက်ကို ရှောင်လော့၊ သို့ပြုလျှင် သင်၏ ခကြောတို့သည့် အားသန်၍ ခရိုးတို့သည့် ခြင်ဆီနှင့် ပြည့်စုံကြလိမ့်မည်။** ဆိုသော ကျမ်းစာပိုဒ်ကို ဖတ်မိ၍ ဘုရားသခင်၏ သွန်သင်ခြင်းကိုခံရပါသည်။ ထိုစဉ်က ကျွန်မ၏ လည်ပင်းတွင် အရိုးကျည်းပေါင်းတက်ပြီး အာရုံကြောကို ဖိမိ၍ ဘယ်ဘက်လက် နာကျင်ခြင်းနှင့် ကျောပြင်နာကျင်ခြင်း၊ ရောင်ခြင်းဝေဒနာကို ခံစားရပါသည်။ **Changi General Hospital ( S'pore)** တွင် ဆေးကုသမှု ခံနေရသောကာလဖြစ်သည်။ ကျွန်မ ကိုယ်တိုင် သူနာပြုတစ်ဦးဖြစ်၍ လူနာကို ပြုစုရာတွင် အလွန်ဒုက္ခရောက်ပါသည်။ ဆေးခွင့်ယူပါက အလုပ်ရှင် မကြည်ဖြူမည်စိုး၍ မကြာခဏ မယူရဲပါ။ ထိုအချိန်တွင် ဖော်ပြခဲ့သော ကျမ်းပိုဒ်အားဖြင့် ဘုရားသခင်၏ လမ်းပြအားပေးမှုကို ခံစားလာရပါသည်။ ထိုနှုတ်ကပါတ်တော် ဆေးတစ်ခွက်အားဖြင့် ဆင်ခြင်၊ ဆုတောင်း၊ အပြစ်ဝန်ချလိုက်သောအခါ အချိန်တိုတိုအတွင်းတွင် ဝေဒနာသည်ကို ခံစားလာရပါသည်။ ထိုနှုတ်ကပါတ်တော် ဆေးတစ်ခွက်အားဖြင့် ... သိသိသာသာ သက်သာလာခဲ့ပါသည်။ ထို့အပြင် သာမက ဤနှုတ်ကပါတ်တော်၏ ဖွင့်ပြမှုအားဖြင့် အနာရောဂါငြိမ်းခြင်းသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားဖို့ဖြစ်ကြောင်း ထပ်မံသွန်သင်ခြင်း ခံရပြန်ပါသည်။


ကျွန်မညဆိုင်း တာဝန်ထမ်းဆောင်နေရသော ဒုတိယညတွင် ညဘက်မျက်လုံး၊ နားနှင့် လည်ချောင်း ထဲတွင်ပြင်းထန်စွာ နာကျင်သော ဝေဒနာကို ခံစားရပါသည်။ ဆရာဝန်ညွှန်ကြားထားသော ဆေးကိုလဲသောက်သုံးပြီး သွားပါသည်။ သို့သော အစာမြိုချတိုင်း လည်ချောင်းထဲတွင် နာကျင်ခြင်းခံစားရဆဲဖြစ်သည်။ အသိမြန်မာဆရာဝန်နှင့် ပြရန်ကြံစည်မိပါသည်။ ဆရာဝန်ထံ မသွားခင် တစ်ညတွင် ဘုရားရှင်ထံတွင် ဆုတောင်းပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်က ယောဘ ၅း၁၈တွင် – **ထိုအရှင်သည် အနာကို ဖြစ်စေ၍ ထိုအနာကိုလည်း စည်းတော်မူ၏။ ဒဏ်ခတ်တော်မူ၍ လက်တော်နှင့် သက်သာစေတော်မူ၏။** ဟုသွန်သင်ခြင်းကို ခံရပါသည်။ ဘုရားရှင်သည် သမားတော်ကြီးဖြစ်ကြောင်း နားလည်လိုက်ပါသည်။ ဆုတောင်းပြီး နောက်တစ်နေ့မနက်တွင် လည်ပင်းနာခြင်းသည် သိသိသာသာ ပျောက်ကင်းသွားပါသည်။ **နှုတ်ကပါတ်တော်ကို လွှတ်သဖြင့် သူတို့အနာကို ငြိမ်းစေ၍ ဖျက်စီးခြင်း အရာများထဲက နှုတ်ယူတော်မူ၏။ ( ဆာလံ ၁၀၇း၂၀ )**

**( ဓေတာနှင်းပန်း )**

## လက်မှတ်







(၁)
ညီမျှခြင်း မရှိသော –
ပေါင်းသင်း ဆက်ဆံရေး ၊
သူ့ဘက် ကိုယ့်ဘက်
တစ်စက်ကလေးမှ အနာ မခံနိုင်တဲ့ ၊
အသားစံရမှ ဝါးမျိုကျသော
ထမင်းလုတ်တွေရဲ့ နောက်မှာ ...

(၂)
အစိမ်းရောင် ဒေါ်လာစက္ကူ
အပေါင်ဆိုင်ရောက် စာနာမှု –
ဆက်လျှောက်ရမဲ့ လမ်းပျောက်ခြင်း
ဆုတ်လည်းစူး စားလည်းရူးရတဲ့ ဘဝ ၊
နှစ်ချို့ အလွမ်းတွေနဲ့
ခပ်ဂေါက်ဂေါက် ဖြစ်လာတဲ့ လူတစ်ယောက်ဟာ ...

(၃)
" THE END " ဆိုတဲ့
(စာတန်းလေး အထိုးမှာတော့)
“ ဟာ ” ဆိုတဲ့ –
စကားလုံးလေး တစ်လုံးနဲ့ ၊ ဆုံးပါးခဲ့ဖူးတယ် ... ။
**( သက်တံချို )**

## မိုး... မေမေ (၂)

အမေ ...

လစဉ် အခွန်ဆောင်နေရတဲ့ **Hand phone** တစ်လုံးနဲ့
အပျင်းပြေ ကြည့်စရာ **TV** တစ်လုံးအတွက်
ဆွံ့အ နားမကြားနဲ့ မျက်မမြင်တွေကို စာနာမိတယ်။

အမေ ...

အကောင်းစား အရက်တွေနဲ့
ဖွယ်ဖွယ်ရာရာ စားသောက်စရာတွေအတွက်
ဆာလောင်မွတ်သိပ်နေတဲ့ မျက်နှာတွေကို မြင်ယောင်မိတယ်။

အမေ ...

ကုမ္ပဏီရဲ့ **Happy hour** တွေနဲ့
မြူးကြွတဲ့ တေးသံတွေအတွက်
ဒုက္ခပင်လယ် ဝေနေတဲ့ မျက်ရည်တွေကို သနားမိတယ်။

အမေ ...

ရင်တုန်စရာကောင်းတဲ့ ညချမ်းတွေနဲ့
စင်ကာပူမှာ သာတဲ့ ‘လ’တွေ အတွက်
အချုပ်အနှောင်ခံရတဲ့ ဘဝတွေကို အားနာမိတယ်။

အမေ ...

အတ္တဖောာ – ဖော နေတဲ့
အတောမသတ်နိုင်တဲ့ လောဘတွေ အတွက်
ပြီးခဲ့တဲ့ ပွဲတော်မှာ ကျွန်တော်ကြားလိုက်တယ်၊
“အပြစ်သားတွေထဲမှာ – ကျွန်တော် အပြစ် အများဆုံး ...” တဲ့ ။

**( SAW A. THAW )**

---

## သက်သေမှတ်တမ်း ( ၂ ) ယခင်လမှ အဆက်



အစာရှောင် ဆုတောင်းမယ်ဆိုပြီး အစာရှောင်လိုက်တာ နာရီပိုင်းအတွင်း ခါးနာတဲ့ ဝေဒနာကို ကျွန်မ ပြင်းပြင်းထန်ထန်ခံစားရပါတယ်။ အစာပြန်စား လိုက်တဲ့ အခါမှာတော့ ခါးနာတဲ့ ဝေဒနာက ချက်ခြင်းဆိုသလို ပျောက်ကင်းသွားပါတယ်။ နောက်ထပ်တစ်ခါ ကျွန်မ စမ်းသပ်ကြည့်ပါတယ်။ အရင်တစ်ခေါက်ကလိုဘဲ ပြင်းပြင်းထန်ထန် ဝေဒနာခံစားရပါတယ်။ ကျွန်မ စဉ်းစားကြည့်တယ်၊ တစ်ခုခုတော့ မှားနေပြီလို့၊ နောက်ထပ်တစ်ခါတော့ ကျွန်မ အစာရှောင်မဲ့ နာရီပိုင်းရောက်ပြီဆိုရင် ဒူးထောက်ပြီး “ဘုရားသခင် အလိုတော်ရှိရင် အစာရှောင်ဆုတောင်းတဲ့ အချိန်နာရီတိုင်း အစမှ အဆုံးတိုင်အောင် ကိုယ်တော်ပါရှိဖို့ ဝေဒနာ မခံစားရဖို့ နာမတော်ကို အမှီပြု၍ ဆုတောင်းပါ၏” လို့အပ်နှံခဲ့ပါတယ်။ ဒါပေမဲ့ မကြာခင်မှာဘဲ ပြင်းထန်တဲ့ ခါးနာ ဝေဒနာကို ခံစားရပါတယ်။ ကျွန်မ ဒူးထောက်ပြီး “ဘုရားသခင်– ဒီ ဝေဒနာကို ကျွန်မဆီက ပြန်ပြီး နှုတ်သွားမယ်ဆိုတာ ယုံကြည်ပါတယ်”လို့ ပြောလိုက်တော့ ချက်ခြင်း သက်သာသွားပါတယ်။

နောက်တစ်ခါ ကျွန်မ ဒူးမှာ အရေကြည်ဖုလေး တစ်ဖု ပေါက်ပါတယ်။ ကျွန်မလဲ လက်သည်းညှပ်နဲ့ ညှပ်ရင် ပျောက်မယ်ထင်ပြီး ညှပ်လိုက်တာ ပြန်ပေါက်လာပါတယ်။ အဖုက ကြီးကြီးလာတယ်။ ကျွန်မလဲ ခြေထောက်မှာ ပေါက်တာ ဆိုတော့ သိပ်အရေးမကြီးပါဘူးဆိုပြီး မေ့မေ့ပျောက်ပျောက် ထားလိုက်တာ နောက်တော့ ကျွန်မရဲ့ လက်ညှိုးမှာ ထပ်ပေါက်လာပါတယ်။ အဲဒီ အဖုကြီးကို နေ့တိုင်းတွေ့နေရတော့ အသည်းယားပြီး ညှပ်လိုက်မိပါတယ်။ ဒီတစ်ခါတော့ ပြဿနာဘဲ၊ လက်ညှိုးမှာ အနာပေါက်တာမို့ စိုးရိမ်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက အစားအသောက်ကို အမြဲကိုင်တွယ်ရတဲ့သူဆိုတော့ လက်မှာ အနာပေါက်လို့မဖြစ်ဘူး၊ ကျွန်မရဲ့ အိမ်ရှင် ဆရာက ဆရာဝန်ဆိုတော့ သူ့ကို ပြကြည့်တယ်။ ဆရာက သူ့သူငယ်ချင်း အရေပြားကုဆရာဝန်နဲ့ ပြဖို့ပြောပါတယ်။ ဒါပေမဲ့ ဆရာက အလုပ်တွေများပြီး မေ့သွားပါတယ်။ ကျွန်မလဲ အားကိုးသူမဲ့တဲ့ အချိန်မှ ဘုရားသခင်ဟာ အရာအားလုံးကို တတ်နိုင်ကြောင်း စိတ်ထဲမှာ သတိရမိပါတယ်။ ယုံကြည်မှုအပြည့်နဲ့ အနာရောဂါပျောက်ဖို့ ဘုရားသခင်လက်တော်ထဲမှာ အပ်နှံလိုက်တဲ့အခါ ကျွန်မရဲ့ ခြေထောက်က အဖုက တဖြည်းဖြည်း ပျောက်သွားတဲ့အပြင် လက်ညှိုးမှာရှိတဲ့ အဖုနှစ်ဖုဟာလဲ တစ်ဖုက လုံးဝပျောက်သွားပြီး နောက်တစ်ဖုကလဲ ပျောက်ဖို့ လက္ခဏာပြနေပါပြီ။ ကျွန်မ အရမ်းဝမ်းသာပြီး ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ဘုရားသခင်ဟာ ကျွန်မတို့ရဲ့ ကိစ္စကြီးငယ်လေးကအစ စိတ်ဝင်စားပြီး ကရုစိုက်တယ်ဆိုတာ သက်သေခံဝေငှရင်း ... ... ... ...

**( ချမ်းချမ်းမျိုး )**



# “ထမ်းဖို့ထားခဲ့တဲ့ ကားတိုင်”

[illegible]

ကျွန်ုပ် ကားတိုင်ကို မျှော်ကြည့်တဲ့အခါ ကားတိုင်က ကျွန်ုပ်ကို စကားပြောနေတယ်။
ဒီတော့ ကျွန်ုပ် ကားတိုင်ခြေရင်းမှာ ဒူးထောက်လိုက်တယ်။
အဲဒီအခါမှာ နာကျင်ခြင်း ဝေဒနာကို ခံစားလိုက်ရတယ်။
ဩော် ... ကားတိုင်ပေါ်မှာ ခရစ်တော်ခံစားခဲ့ရတဲ့
နာကျင်ခြင်း ဝေဒနာရဲ့ သဲတစ်မှုန့်စာလောက်တောင် မရှိပါလား။
ဒါနဲ့ ကျွန်ုပ်ရဲ့ လည်တိုင်မှာ ဆွဲထားတဲ့ သေးငယ်တဲ့ ကားတိုင်လေးကို ငုံကြည့်မိတယ်။
ကားတိုင်လေးက ကျွန်ုပ်ကို ပြန်ကြည့်တယ်။
လွန်ခဲ့သော နေ့များက ကားတိုင်လမ်းစဉ်အတိုင်း သင်လျှောက်ခဲ့ရဲ့လားလို့ မေးနေသလို ကျွန်ုပ် ခံစားလိုက်ရတယ်။
တစ်ဆက်တည်းမှာဘဲ ကောင်းကင်ဘုံက ခရစ်တော်ကလဲ ကျွန်ုပ်ကို ကြည့်နေတယ်။
ငါ မင်းအတွက် အသေခံပြီး ကယ်တင်ခြင်း ပေးခဲ့တယ်။ ငါ့အတွက် မင်း ဘာလုပ်ခဲ့ပြီးပြီလဲတဲ့။
ကျွန်ုပ် ဒီနေ့အထိ ခရစ်တော်ကို ကားတိုင်ပေါ် တင်ထားဆဲပါလား လို့ ခံစားလိုက်ရတယ်။
ဘာဘဲလုပ်လုပ် ကိုယ်တော်သနားပါ၊ ကိုယ်တော်ကူညီပါ
ကိုယ်တော်ပေးကမ်းပါ၊ ကိုယ်တော်ရယ် မျက်နှာမလွှဲပါနဲ့
ကျွန်ုပ် နေ့စဉ် ပူနေတဲ့ အပြစ်တွေကို အသွေးတော်နဲ့ ဆေးကြောပေးပါ။
... လို့ နေ့စဉ် အခေါ်ပါတ် တောင်းလျှောက်မိတယ်။
ဆရာကြီး တစ်ဦးက ပြောခဲ့တယ်။
လွှမ်းဖို့ ထားခဲ့တဲ့ ကားတိုင် မဟုတ် ၊ ထမ်းဖို့ ထားခဲ့တဲ့ ကားတိုင် တဲ့
သင့် လည်တိုင်မှာ အလှဆွဲဖို့ ထားခဲ့တဲ့ ကားတိုင် မဟုတ် ၊ သင့် အတ္တ တွေကို ချိတ်ဆွဲဖို့ ထားခဲ့တဲ့ ကားတိုင်တဲ့။
ဒါပေမဲ့ ဒီနေ့အထိ ကျွန်ုပ် ခရစ်တော်ကို ကားတိုင် ထမ်းခိုင်းတုံးဘဲလေ။
လေးလံလွန်းတဲ့ ဝန်ထုပ်ဖို့ ကိုယ်တော် ကူထမ်းပါလို့ ဟစ်အော်ခဲ့တယ်။
ကားတိုင်ကို ကျွန်ုပ် မထမ်းဘဲ ကိုယ်တော်ကို ထမ်းခိုင်းခဲ့တဲ့ နေ့ရက်ပေါင်း မနည်းတော့ပြီဘဲလို့ သိလိုက်ရတဲ့အချိန်မှာ –
နောင်တနဲ့ တိုးဝင်ချဉ်းကပ်ရင်း “ခွင့်လွှတ်ပါ သခင်ရယ်” လို့ဘဲ အခါခါ တောင်းလျှောက်မိတယ်။
မိတ်ဆွေရော ခရစ်တော်ကို ကားတိုင် ထမ်းခိုင်းတုန်းဘဲလား။

**မလေး(ဂျူလိုင်)**

လုကာ ၁၄း၂၇ – အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ မလိုက် ၊ ထိုသူသည် ငါ့တပည့် မဖြစ်နိုင်ရာ။

## [illegible]

ကောင်းကင် မြို့ရိုး ဆီက
ပြန့်ကျလာတဲ့ အလင်းရောင်တွေ
ရှုရှိုက် လိုက်မိတယ် ၊
သောက များစွာ ကင်းဝေးတဲ့
သန့်ရှင်းခြင်း ပြည့်နှက်နေတဲ့ လေညှင်းများ ။

ရပ်လိုက်ပါတော့ –
အဲဒီ ပူလောင် မျက်ရည်များက
လူသားရဲ့ နောက်ဆုံး ခရီးအတွက်
လေတိုက်၍ လွင့်ပါသွားတဲ့
ဖွဲ့ များသဖွယ်ပါ။

အတွေးတွေ ပြေးလွှားနေတယ်
အတိတ်ရဲ့ ကောင်းကင်ယံမှာ
အမှတ်တရ အမှားများစွာ
သီချင်း အဖြစ် ပြောင်းလဲသွားလို့
နောင်တ အသစ်တွေ မွေးဖွားနေပြီ ၊
အသိခက်တဲ့ ဦးဏှောက်
ဘယ်မှာလဲ သင့်ရဲ့ ‘နားလည်ခြင်းများ’
ဝေဟင်မှာ ပျံဝဲနေဆဲ
ရှန်းလေ နစ်လေ ဒုက္ခိတ နွံ့အိုင်ထဲ
မထူးဇာတ် ခင်း နေပြီလား ။

ချစ်ခြင်းရဲ့ မေတ္တာရှင်
အားနည်းခြင်း အဖြစ်၌ စုံလင်စေသူ
ကရာနီ၌ ငါ့ အပြစ်အတွက် သူ့ အသက်စွန့်ခဲ့ပြီ ၊
တံခါးများရဲ့ နောက်ကွယ်မှာ စောင့်လျှက်နေတယ် ၊
ကျိုးပဲ့ကြေမွ နောင်တ နှလုံးသားလေးအတွက် ။

( S N D )

## [illegible]

အပြစ်နွံ့ ထဲက ရုန်းထွက်ဖို့
အကြိမ်ကြိမ် ကြိုးစားရင်း
အကြိမ်ကြိမ် ပြန်လဲကျလို့
စိတ်ပျက်မိပါတယ် သခင် ။

ဒါပေမဲ့လဲ –
‘ဆိုးသောသူအတွက် ငါလာ၏’ ဆိုတဲ့
သခင့်စကား နားဝယ် ကြားလို့
အားယူ၍ ဆက်လှမ်း
ရုန်းကန်ဆဲပါ သခင် ။

**ကောင်းကင်**

# ခွင့်လွှတ်ခြင်းနဲ့ ပြန်စပါ

(မေဌွန်)

မ' ဒီကိစ္စကို ဘယ်လိုဖြေရှင်းမှာလဲ၊ လက်စားချေတယ်ဆိုတာ ကျွန်မ လက်ခံတယ်။ မျက်လုံးအစား မျက်လုံး၊ သွားအစား သွား၊ ဘယ်နည်းကိုသုံးမှာလဲ ပြောပါ။ မ' က ကျွန်မထက် ပို သိမှာပေါ့။ မ' က တရားခံဆိုတော့ ကြိုက်တဲ့နည်းကို ပြောပါ။ ကျွန်မ ကူညီပါ့မယ်။



အလို ဘုရားရေ၊ ဒီ **Message** က ကျွန်မရဲ့ **Hand phone** ထဲကို ရောက်လာတယ်။ သေချာကြည့်လိုက်တော့ ကျွန်မရဲ့ သူငယ်ချင်းဖုန်းနံပါတ် ဖြစ်နေတယ်။ ဒီလောက်တောင် ရေးထားတာဆိုတော့ ပြဿနာ အသေးအဖွဲလေး မဖြစ်နိုင်ဘူး၊ ကျွန်မကိုများ နောက်နေတာလား။ သူရေးထားတဲ့ **Message** ကိုသူ့ဆီ ပြန်ပို့ပြီး ကျွန်မနဲ့ မဆိုင်ဘူးဆိုတဲ့အကြောင်း သူသိအောင် ရေးလိုက်ပါတယ်။ အဲဒီတော့မှ သူကလဲ ဒီ **Message** ဟာ ကျွန်မနဲ့ မဆိုင်ကြောင်း လူချင်းမှားပြီး နာမည်ချင်းဆင်တဲ့အတွက် **Message** မှားပို့တာ ဖြစ်ကြောင်း ပြန်ပြီးရှင်းပြပါတယ်။ ဒါပေမဲ့ စပ်စုတတ်တဲ့ ကျွန်မက ဘယ်သူ့ကိုများ ဒီလောက်တောင် စိတ်ဆိုးရတာလဲလို့မေးလိုက်မိပါတယ်။

အဲဒီတော့မှ ဖြစ်ရပ်မှန်ကို သိရတော့တယ်။ ဖြစ်ပုံက ဒီလိုလေ ... ကျွန်မ သူငယ်ချင်းရဲ့ ချစ်သူက သူ့ကိုလက်ထပ်ပါမယ်လို့ ကတိပေးတဲ့အတွက် မိဘတွေကို အသိပေးပြီးကာမှ သစ္စာပျက်၊ ကတိဖျက်ပြီး နောက်တစ်ယောက်နဲ့ တွဲနေတာကြောင့် ဖြစ်ပါတယ်တဲ့။ ဒီလိုဆိုတော့ ဒီကိစ္စက ကျွန်မနဲ့ မဆိုင်ပေမဲ့ ကျွန်မနဲ့ အတွေ့အကြုံချင်း တူနေပြန်ပါတယ်။ ကျွန်မရဲ့ အတွေ့အကြုံအရ ဒီလိုအဖြစ်မျိုးဟာ သာမာန်ချစ်သူတွေ သဘောထားချင်း မတိုက်ဆိုင်လို့ ကွဲသွားရတာထက် အဆပေါင်းများစွာ ခံစားရမှာဖြစ်ပါတယ်။ ချစ်သူအပေါ် သစ္စာဖောက်ခြင်းဟာ သူတစ်ပါးရဲ့ သိက္ခာ၊ မျှော်လင့်ချက်၊ ပျော်ရွှင်မှုတွေကို ဖျက်ဆီးပစ်လိုက်တာနဲ့ အတူတူဘဲပေါ့။ အဲဒီအတွက်ကြောင့် သစ္စာဖောက်ခံရတဲ့ ကျွန်မတို့မှာ စိတ်ဆိုးခွင့်၊ နာကျည်းခွင့်၊ ဝမ်းနည်းခွင့် ရှိကြပါတယ်။ ဒါပေမဲ့ ရန်တုံ့ပြန်ပြီး လက်စားချေတဲ့ အဆင့်အထိတော့ မရောက်အောင် စိတ်ကိုထိန်းတတ်ကြရပါမယ်။ ရောမ ၁၂း၁၉–၂၁ ထဲမှာ ဘာပြောထားသလဲဆိုတော့ –

**ချစ်သူတို့ သူတပါးသည် သင်တို့ကို ပြစ်မှားလျှင် ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်၊ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား ငါသည် အပြစ်တရားကို စီရင်ပိုင်၏၊ အပြစ်နှင့်အလျောက် ငါပေးဆပ်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ ထို့ကြောင့် သင်၏ ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာဖို့ပေးလော့ ၊ ထိုသို့ပြုလျှင် သူ၏ခေါင်းပေါ်၌ မီးခဲကို ပုံထားလိမ့်မည်။**

ဖော်ပြထားတဲ့ ကျမ်းချက်အရ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားသခင်က ရန်ကို ရန်ချင်း တုံ့ပြန်မှုကို မလိုလားတာကို တွေ့ရပါတယ်။ တရားမျှတတဲ့ ဘုရားဖြစ်တဲ့အတွက် သင့်ရဲ့ ရန်သူကို သင် လက်စားချေစရာ မလိုဘဲ၊ ဘုရားသခင် ကိုယ်တိုင် ဆုံးမပေးမှာဖြစ်ပါတယ်။

ကျွန်မတို့ အနေနဲ့ မေတ္တာပြပြီး ခွင့်လွှတ်တတ်ဖို့ဘဲ လိုပါတယ်။ နောက်အရေးကြီးတဲ့ တစ်ချက်ကတော့ ဘုရားသခင်က သစ္စာမဲ့တဲ့ သူနဲ့ အကြောင်းမဆုံဖို့ ကယ်တင်ခဲ့တယ်ဆိုတာကို နားလည်ရမှာဖြစ်ပါတယ်။ ဤကဲ့သို့သော ယောကျ်ား (လှည့်စားတတ်သော လျှာ) များရဲ့ လက်ထဲက လက်ထပ်ယူခြင်း မခံမိ ကွေကွင်းသွားရခြင်းဟာ ကျွန်မတို့အတွက် အလွန်ဝမ်းမြောက်ဝမ်းသာစရာ ကောင်းလှပါတယ်။ လက်ထပ်ထိမ်းမြားပြီးကာမှ ဖောက်ပြားခဲ့ရင် ကျွန်မတို့ဘဲ ပိုပြီးစိတ်ဒုက္ခရောက်ရမှာ ဧကန်အမှန်ပါဘဲ။

နောက်တစ်ချက် သတိပြုစရာကတော့ ကျွန်မတို့ဟာ သူတစ်ပါးရဲ့ နိုင်ငံမှာ အလုပ်လာလုပ်တဲ့ သူတွေဖြစ်တဲ့အတွက် မိဝေး ဖဝေးနဲ့ သွန်သင်မှု လျော့နည်းနေတဲ့သူများ ဖြစ်နေကြပါတယ်။ ဒီလိုအချိန်မှာ အားကိုးရာ၊ ခင်တွယ်ရာ၊ မှီခိုရာ ရှာချင်တဲ့ စိတ်လေးတွေဝင်လာပြီး အဖော်ရှာတတ်ကြပါတယ်။ အဲဒီအချက်တွေကို အခွင့်ကောင်းယူဖို့ ချောင်းမြောင်းနေကြတဲ့ ကြောင်ပါးတွေကလဲ အများသားဆိုတော့ ကျွန်မတို့မှာ အဓိက အားကိုးစရာဟာ ဘုရားသခင်တစ်ပါးဘဲ ရှိပါတယ်။

ကျွန်မတို့ကို မကောင်းကြံစည်ဖို့ ကြိုးစားသူတွေရဲ့ လက်ထဲက လွတ်မြောက်ဖို့ ဘုရားသခင်နဲ့ ကျွန်မတို့ မပြတ် မိတ်သဟာရဖွဲ့မှုရှိရပါမယ်။ ကျွန်မရဲ့ သူငယ်ချင်းအချို့ဟာ လိမ်လည်လှည့်ဖြားတတ်သူများရဲ့ မာယာတွင်းကို သက်ဆင်းသွားကြပါတယ်။ အိမ်ထောင်ရှင်များဟာ မိမိတို့ရဲ့ မင်္ဂလာသစ္စာကို စောင့်ထိန်းကြရပါမယ်။ လောကရဲ့ ခေတ္တပျော်ရွှင်မှု ရမက်မီးတွေကြားမှာ မိမိကိုယ်ကို မကျဆုံးစေသင့်ပါဘူး။

တချို့လူတွေ ကျပြန်တော့လဲ၊ ဖြစ်ပြီးမှတော့ မထူးတော့ပါဘူးဆိုပြီး ဒီလမ်းဆိုးထဲက မရုန်းထွက်ချင်ကြတော့ပါဘူး။ မိတ်ဆွေ ဘုရားသခင် မကြိုက်တဲ့ အလုပ်၊ အပြုအမူကို သင် ရပ်တန့်က ရပ်လိုက်ပါ၊ ဘုရားသခင်ဟာ သင့်ကို ခွင့်လွှတ်ခြင်းနဲ့ အမြဲစောင့်ကြိုနေပါတယ်။ ကျွန်မတို့အတွက် ဒီလောက ပျော်ရွှင်မှုဆိုတာ ခေတ္တခဏဘဲ တွေ့ရမှာပါ။ ဘုရားသခင်က ...

**For the past mistakes, he offers forgiveness and an ability to forget**
**for our tomorrows he gives us the gift of expectation and excitement.**

လို့ပြောထားပါတယ်။ အဲဒီအတွက်ကြောင့် ဖြစ်ပြီးသမျှတွေကို ခွင့်လွှတ်ခြင်းနဲ့ မေ့ပစ်လိုက်ပါ။ ကျွန်မတို့ရဲ့ အပြစ်ကို ဘုရားသခင် ခွင့်လွှတ်သလို သူတစ်ပါးရဲ့ အပြစ်ကိုလဲ ကျွန်မတို့ ခွင့်လွှတ်ကြရပါမယ်။ ကျွန်မတို့ရဲ့ တစ်နေ့တာကို ဘုရားသခင်လက်ထဲ အပ်နှံထားလိုက်ပါ။ ဒီလိုဆိုရင် ကျွန်မတို့ရဲ့ မနက်ဖြန်ဟာလည်း လှပနေမှာ သေချာပါတယ်။ ဆက်လက်ပြီး ဆုတောင်းခြင်းအားဖြင့် ကိုယ်တော်ရဲ့ အလိုတော်ကို ဝန်ခံကြရအောင်လား မိတ်ဆွေ။ ။

ခရစ်တော်၏ ချစ်ခြင်း၌--- **( မေဌွန် )**